ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

လုပ်ငန်းညှိနှိုင်းရေးဌာနခွဲ

<u>ဝင်စာတင်ပြလွှာ</u>

အကြောင်းအရာ။ မြန်မာ သစ် [illegible] ကုမ္ပဏီလီမိတက်၊ ရော်ဘာသစ် နှင့် အသားနှင့် ရော်ဘာသစ် ပရိဘောဂ ထုတ်လုပ်မှုလုပ်ငန်း

ရက်စွဲ	ဆောင်ရွက်ချက်	မှတ်ချက်
၃၀ ၇/၀၇	[illegible] ကုမ္ပဏီ [illegible] တင်ပြလာသည်။	
၁၁ ၈/၀၇	[illegible] ကုမ္ပဏီ မှတ်ပုံတင် [illegible] သည်။	
၃ ၁၀/၀၇	မြန်မာ့ [illegible] / [illegible] / [illegible] [illegible] သည်။	
၈ 10/07	[illegible] သည်။	
25 10/07	[illegible] Ph [illegible] သည်။	
16 11/07	၄၃/၂၀၀၇ MIC တင်ပြသည်။ [illegible] Export [illegible] [illegible] MIC [illegible] သည်။	
၅ 12/07	၄၂/၂၀၀၇ TC တင်သည်။	
၂ 1/08	၁/၂၀၀၈ MIC နှင့် ၄၂/၂၀၀၇ TC [illegible] ဆွေးနွေးသည်။	
၆ 2/08	ရင်းနှီးမြှုပ်နှံမှုကော်မရှင် (၆/၂၀၀၈) TC တင်သည်။	
၆ 3/08	ရင်းနှီးမြှုပ်နှံမှုကော်မရှင် Cabinet (၁၀/၂၀၀၈) အစည်းအဝေး တင်သည်။	
	ယနေ့ [illegible] ၈၁၄/၂၀၀၈ (၁၈.၃.၂၀၀၈) ရက်စွဲပါ MIC နှင့် [illegible] ထုတ်ပေးပါသည်။	

ပုံစံ(မနသ-၂)
စာအမှတ် ၅၄၅၆
နေ့စွဲ ၁၈-၃-၂၀၀၈

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ်၊ မနသ- ၆၈၄ / ၂၀၀၈။ ၂၀၀၈ ခုနှစ်၊ မတ် လ ၁၈ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏ အမည် ဦးဝင်းအောင်

(ခ) အဘအမည် ဦးအိုက်ထွန်း

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် ၁၃/တကန(နိုင်)၀၀၄၁၂၃

(ဃ) နေရပ်လိပ်စာ အမှတ်(၂၇)၊ ဗဟန်း(၂)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့်အဖွဲ့အစည်း မြန်မာသစ်ဈေး ကုမ္ပဏီလီမိတက် (Myanmar Wood Mart Co., Ltd.)

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား ခွဲစက် ပေါင်းတင်ပြီး ရော်ဘာသစ်ခွဲသားနှ ရော်ဘာသစ်ပရိဘောဂထုတ်လုပ်ခြင်းလုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) တနင်္သာရီတိုင်း၊ ထားဝယ်မြို့နယ်၊ သမြို့ချောင်း ကျေးရွာ၊ ဦးပိုင်အမှတ်(၂၆၈/၁မှ၁၂အထိ) နှင့် (၂၆၉/၂၇ မြေကွက်အမှတ်(၁၀၃/ခ)

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) ၂၀၁.၅၀ သန်း (ကျပ်နှစ်ရာတစ်သန်း၊ ငါးသိန်

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

အမိန့်ကြော်ငြာစာအမှတ်၊ ၁၁/၂၀၀၈ (မနသ)

ရန်ကုန်မြို့၊ ၁၃၆၉ ခုနှစ်၊ တပေါင်းလ ဆန်း ၁၂ ရက်

(၂၀၀၈ ခုနှစ်၊ မတ် လ ၁၈ ရက်)

၁။ မြန်မာကုမ္ပဏီဖြစ်သော မြန်မာ သစ်ဈေးကွက် ကုမ္ပဏီလီမိတက် (Myanmar Wood Mart Co., Ltd) မှ ကုမ္ပဏီအမည်ဖြင့် ရော်ဘာသစ်ခွဲသား စက်ရုံမြေအဖြစ် ဆောင်ရွက်ရန် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ချပေးထားသော တနင်္သာရီတိုင်း၊ ထားဝယ်မြို့နယ်၊ သပြေချောင်းကျေးရွာ၊ ဦးပိုင်အမှတ် (၂၆၈ / ၁ မှ ၁၂ အထိ) နှင့် (၂၆၉/၂၇၀)၊ မြေကွက်အမှတ် (၁၀၃/ခ) ရှိ လန /၃၉ မြေ (၇.၅၄)ဧကတွင် ခွဲစိတ် ပေါင်းတင်ပြီး ရော်ဘာ သစ်ခွဲသား နှင့် ရော်ဘာသစ် ပရိဘောဂ ထုတ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြု တင်ပြချက်အား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၄၃/၂၀၀၇) (၁၆-၁၁-၂၀၀၇)နှင့် (၁/၂၀၀၈)(၂-၁-၂၀၀၈) အစည်းအဝေးများ၌ တင်ပြခဲ့ပါသည်။ ကော်မရှင်မှ မူအားဖြင့် သဘောတူညီခဲ့ပြီး ကုန်သွယ်မှု မူဝါဒ ကောင်စီ၏ (၄၂/၂၀၀၇) (၅-၁၂-၂၀၀၇) နှင့် (၆/၂၀၀၈) (၆-၂-၂၀၀၈)အစည်းအဝေးများသို့ ဆက်လက် တင်ပြ ခဲ့ပါသည်။ အဆိုပါ အစည်းအဝေး သဘောတူညီချက် အရ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ အဖွဲ့၏ (၁၀/၂၀၀၈)(၆ - ၃ -၂၀၀၈) အစည်းအဝေးသို့ တင်ပြခဲ့ရာ သဘောတူကြောင်း ဆုံးဖြတ်ခဲ့ ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံ သားများ ရင်းနှီး မြှုပ်နှံမှု ဥပဒေ အခန်း (၅)၊ ပုဒ်မ ၁၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မြန်မာသစ်ဈေးကွက် ကုမ္ပဏီလီမိတက် (Myanmar Wood Mart Co.,Ltd)အား ခွဲစိတ်ပေါင်းတင်ပြီး ရော်ဘာသစ်ခွဲသားနှင့် ရော်ဘာသစ် ပရိဘောဂ ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်နိုင်ရန် အတွက် ခွင့်ပြုမိန့်အမှတ်၊ မနသ- ၆၈၄/၂၀၀၈ ကို ထုတ်ပေးလိုက်သည်။

၂။ မြန်မာ သစ်ဈေးကွက် ကုမ္ပဏီလီမိတက် (Myanmar Wood Mart Co., Ltd) အနေဖြင့် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှု လုပ်ငန်း ဆောင်ရွက် ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၇)၊ ပုဒ်မ ၁၂ အရ ထုတ်လုပ်မှု လုပ်ငန်း စီးပွားဖြစ် စတင်သောနှစ် အပါအဝင် တစ်ဆက်တည်း(၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပြုလိုက် သည်။

၃။ မြန်မာ သစ်ဈေးကွက် ကုမ္ပဏီလီမိတက် (Myanmar Wood Mart Co., Ltd) သည် ဤခွင့်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် မူလအဆိုပြုလွှာ၌ ဖော်ပြ ထားသည့် ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှု ရည်မှန်းချက်များကို အနိမ့်ဆုံး ရည်မှန်းချက်များ အဖြစ် ထားရှိ ဆောင်ရွက် အကောင်အထည် ဖော်ရမည်။

၄။ မြန်မာသစ်ဈေးကွက် ကုမ္ပဏီလီမိတက် (Myanmar Wood Mart Co.,Ltd) သည် ဤအဆိုပြု လုပ်ငန်း၏ စာရင်းများကို သီးခြား ပြုစုထားရှိရမည်။

၅။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် မြေအသုံးပြုမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော် အစိုးရမှ မြေယာနှင့် ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းသည့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာ ဆောင်ရွက်ရမည်။

၆။ မြန်မာသစ်ဈေးကွက် ကုမ္ပဏီလီမိတက် (Myanmar Wood Mart Co., Ltd) မှ နိုင်ငံခြားသား ကျွမ်းကျင်သူများ ငှားရမ်းခွင့် ကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း(၉) ၊ အပိုဒ် ၃၃ပါ သတ်မှတ်ချက်များနှင့် အညီ ဤကော်မရှင်သို့ သီးခြား တင်ပြလျှောက်ထားရမည်။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန် အတွက် ပြည်တွင်းအလုပ်သမားများ ခန့်ထားရာတွင် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။ လုပ်ငန်းခွင် သာယာရေးအတွက် အဆိုပြုချက်တွင် တင်ပြထားသည့် အတိုင်း စီစဉ် ဆောင်ရွက်ရ မည်။

၇။ မြန်မာသစ်ဈေးကွက် ကုမ္ပဏီလီမိတက် (Myanmar Wood Mart Co.,Ltd) သည် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှု လုပ်ငန်း ဆောင်ရွက်ရာ၌ ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှု၊ မီးဘေးအန္တရာယ် စသည်များ၊ မဖြစ်ပေါ်စေရန် အတွက် လိုအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်း ကာကွယ်ရေး အစီအမံများကို ဝန်ခံကတိ ပြုထားသည့် အတိုင်းစံနစ်တကျ ထားရှိ ဆောင်ရွက်ရမည်။ယင်းသို့ ဆောင်ရွက်ထားရှိမှု အခြေအနေကို ဤကော်မရှင်သို့ <u>မပျက်မကွက်</u> အစီရင် ခံရမည်။ ပတ်ဝန်းကျင်အနံ့ဆိုးများ ဖြစ်ပေါ်စေပြီး ပတ်ဝန်းကျင် ညစ်ညမ်းမှု ဖြစ်ပေါ်၍ တိုင်ကြားလာပါက စက်ရုံပိတ်သည်အထိ အရေးယူခြင်း ခံရမည်။

၈။ (၆-၂-၂၀၀၈)နေ့တွင် ကျင်းပသော ကုန်သွယ်မှု မူဝါဒ ကောင်စီ၏ (၆/၂၀၀၈) အစည်းအဝေး မှ လမ်းညွှန်ချက် အရ မြန်မာသစ်ဈေးကွက် ကုမ္ပဏီ လီမိတက် (Myanmar Wood Mart Co., Ltd)သည် ရော်ဘာပင်အိုများ ခုတ်လှဲခွင့်နှင့် စပ်လျဉ်း၍ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းချက် များကို လည်းကောင်း၊ သစ်အချော ထည်နှင့် ပရိဘောဂများ ပြုလုပ်ပြီး ပြည်ပသို့ တင်ပို့ရန် ကိစ္စနှင့် စပ်လျဉ်း၍ သစ်တောရေးရာ ဝန်ကြီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းချက်များကို လည်းကောင်း လိုက်နာ ဆောင်ရွက် ရမည်။

၉။ မြန်မာ သစ်ဈေးကွက် ကုမ္ပဏီလီမိတက် (Myanmar Wood Mart Co., Ltd) သည် ပူးတွဲပါ ကနဦးလုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့် ရရှိပြီး(သုံး)လ အတွင်း ဤကော်မရှင်သို့ <u>မပျက်မကွက်</u> အစီရင် ခံရမည်။ ထို့အပြင် လုပ်ငန်း အကောင် အထည် ဖော်မှု အခြေအနေများကို သတ်မှတ်ထားသော ပုံစံဇယားများဖြင့် (၆)လ တစ်ကြိမ် (ဧပြီ / အောက်တိုဘာ လများ) <u>မပျက်မကွက်</u> ပုံမှန် ပေးပို့ အစီရင်ခံရမည်။ အဆိုပြု လုပ်ငန်း၏ စီးပွားဖြစ် စတင် ဆောင်ရွက်သည့် နေ့ရက်ကို စီးပွားဖြစ် စတင်ပြီး (တစ်)လ အတွင်း ဤကော်မရှင်သို့ <u>မပျက်မကွက်</u> အစီရင်ခံရမည်။

Myanmar Wood Mart Perm...

၁၀။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ခွင့်ပြုမိန့်တွင် ဖော်ပြထားသည့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့် နေရပ်ဒေသ လိပ်စာနှင့် ရင်းနှီးမြှုပ်နှံသူ၏ အဖွဲ့အစည်း၏ နေရပ် လိပ်စာ (ကုမ္ပဏီ၏ ရုံးခန်းလိပ်စာနှင့် တယ်လီဖုန်းနံပါတ်) တို့ ပြောင်းလဲမှုရှိတိုင်း ဤကော်မရှင်သို့ မပျက်မကွက် တင်ပြ၍ အတည်ပြု ခွင့်ပြုချက်ကို ရယူရမည်။

၁၁။ မြန်မာသစ်ဈေးကွက် ကုမ္ပဏီလီမိတက် (Myanmar Wood Mart Co.,Ltd) သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာန များမှ ချမှတ်ထားသော တည်ဆဲစည်းမျဉ်း စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာမှု မရှိကြောင်း စစ်ဆေးတွေ့ရှိပါက ဤခွင့်ပြုမိန့်ကို ပြန်လည် ရုပ်သိမ်းသည်အထိ အရေးယူခြင်း ခံရမည်။

၁၂။ အဆိုပြုလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ ဆောင်ရွက်မည် ဖြစ်သဖြင့် မည်သည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းကမျှ ပိုင်ဆိုင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း မရှိစေရ။ အကယ်၍ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းကပိုင်ဆိုင်ကြောင်းသို့မဟုတ်တစ်နည်းနည်းဖြင့်စီမံခန့်ခွဲကြောင်း သက်ဆိုင်ရာက စစ်ဆေး တွေ့ရှိလျှင် ပုဂ္ဂလိက စက်မှုလုပ်ငန်း မှတ်ပုံတင်ကို ပယ်ဖျက်ပြီး စက်ရုံပိတ်သိမ်းနိုင်ရေးအတွက်သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်မည့်အပြင် လုပ်ငန်းအဆိုပြုသူသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၅(င) အရ နောင်တွင် မည်သည့် ခွင့်ပြုမိန့်မျှ ထုတ်ပေးမည် မဟုတ်သော နာမည်ပျက် စာရင်း၌ ထည့်သွင်းခြင်းခံရမည်။

၁၃။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့် နေ့မှစ၍ (တစ်)နှစ်အတွင်း အဆိုပြုလုပ်ငန်းကို စတင်ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ဗိုလ်မှူးချုပ်မောင်မောင်သိမ်း)
ဥက္ကဋ္ဌ

စာအမှတ်၊ရက-၆(က) /မ- ၉၈၁/၂၀၀၈(၁၄၁၆)
ရက်စွဲ၊ ၂၀၀၈ခုနှစ်၊ မတ် လ ၁ ၈ ရက်။

မြန့်ဝေခြင်း-

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံး။
၂။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံး။
၃။ အစိုးရ အဖွဲ့ရုံး။

Myanmar Wood Mart Permit

၄။ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး။
၅။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။
၆။ အမှတ်(၁) စက်မှု ဝန်ကြီးဌာန။
၇။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန။
၈။ အလုပ်သမား ဝန်ကြီးဌာန။
၉။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။
၁၀။ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန။
၁၁။ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန။
၁၂။ သစ်တောရေးရာဝန်ကြီးဌာန။
၁၃။ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန။
၁၄။ အမှတ်(၂) လျှပ်စစ် စွမ်းအား ဝန်ကြီးဌာန။
၁၅။ ပြည်ထဲရေးဝန်ကြီးဌာန။
၁၆။ ဥက္ကဋ္ဌ၊နိုင်ငံခြားမတည်ငွေရင်းတန်ဖိုးသတ်မှတ်ရေးအဖွဲ့ငယ်။(ပို့ဆောင်ရေး ဝန်ကြီးဌာန)
၁၇။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်။
၁၈။ ဦးဆောင်ညွှန်ကြားရေးမှူး၊မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း။
၁၉။ ဦးဆောင်ညွှန်ကြားရေးမှူး၊နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း။
၂၀။ ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန။
၂၁။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း။
၂၂။ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန။
၂၃။ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန။
၂၄။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန။
၂၅။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း။
၂၆။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန။
၂၇။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန။
၂၈။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အာမခံ လုပ်ငန်း။
၂၉။ ညွှန်ကြားရေးမှူးချုပ်၊ သစ်တော ဦးစီးဌာန။
၃၀။ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန။
၃၁။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လျှပ်စစ်ဓါတ်အား လုပ်ငန်း။
၃၂။ ဥက္ကဋ္ဌ၊ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်။
၃၃။ အုပ်ချုပ်မှု ဒါရိုက်တာ၊ မြန်မာသစ်ဈေးကွက် ကုမ္ပဏီလီမိတက် (Myanmar Wood Mart Co.,Ltd)